# အာလူးစိမ်းခြင်း (Greening)

## အချက်အလက်စစ်ဆေးခြင်း

**မေး  အစွံတွင်စိမ်းနေသောအာလူးများကိုစားခြင်းသည် နေမကောင်းဖြစ်စေနိုင်ပါသလား။**

**ဖြေ  အစွံတွင်စိမ်းနေသောအာလူးများကိုစားခြင်းသည် နေမကောင်း မဖြစ်စေနိုင်ပါ။ အာလူးများသည် အလင်းနှင့်ထိတွေ့လျှင် ကလိုရိုဖီးလ်ထုတ်ခြင်းကြောင့်ဖြစ်သော အာလူးစိမ်းခြင်းသည် သဘာဝပင်ဖြစ်သည်။ ကလိုရိုဖီးလ်အဆိပ်မရှိပါ။ သို့သော်လည်း အာလူးစိမ်းခြင်းသည် Solanine ထုတ်လုပ်မှုတိုးမြင့်လာခြင်းကို ဖော်ပြသည်။ Solanine သည် Glycoalkaloid ဓာတုဓာတ်ပေါင်းတစ်မျိုး ဖြစ်ပြီး ပမာဏအများကြီးစားသုံးမှသာလျှင် အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ ( ဥပမာအားဖြင့် မူးဝေခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်း) ကိုဖြစ်စေသည်။**

## အချက်အလက်များ

- **အာလူးစိမ်းခြင်းနှင့် Glycoalkaloid တို့သည် အာလူးတွင်သဘာဝအတိုင်းပါရှိသည်။** လယ်ကွင်းထဲတွင်ဖြစ်စေ၊ သိုလှောင်ခန်းထဲတွင်ဖြစ်စေ၊ ဈေးဆိုင်စင်ပေါ်တွင် (သို့) အိမ်တွင်ဖြစ်စေ အာလူးများသည် အလင်းနှင့်ထိတွေ့လျှင် အစွံကိုစိမ်းသွားစေသည်။ အာလူးစိမ်းခြင်းသည် ဆလတ်ရွက်နှင့် ပန်းဂေါ်ဖီစိမ်းစသော အသီးအရွက်အများအပြားတွင် တွေ့ရသော အစိမ်းရောင်ခြယ် ကလိုရိုဖီးလ်ကြောင့်ဖြစ်သည်။ ကလိုရိုဖီးလ်သည်ကျန်းမာရေးအတွက် စိုးရိမ်စရာမရှိပါ။ ၎င်းသည် အန္တရာယ်မရှိ၊ အရသာလည်းမရှိပါ။ သို့သော်လည်း အာလူးများတွင် ကလိုရိုဖီးလ်များဖြစ်ပေါ်လာမှုသည် Glycoalkaloidဖြစ်ပေါ်လာမှု အထူးသဖြင့် Solanine နှင့်ဆက်စပ်နေသည်။ Solanineပါဝင်မှုများလာလျှင် အာလူးကိုခါးစေပြီး ပမာဏအများကြီးစားသုံးလျှင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလက္ခဏာများ ( ဥပမာအားဖြင့် မူးဝေခြင်း၊ အော့အန်ခြင်း) ကိုဖြစ်စေသည်။
- **ကလိုရိုဖီးလ်များဖြစ်ပေါ်လာမှုသည် အလင်းနှင့်ထိတွေ့မှုကြောင့်သာဖြစ်သော်လည်း အခြားအရာများသည် အာလူးရှိ Glycoalkaloid ကိုမြင့်တက်စေသည်။** ကလိုရိုဖီးလ်နှင့်မတူဘဲ အာလူးတွင် Glycoalkaloid ဖြစ်ပေါ်လာရန် အလင်းရောင်မလိုအပ်သော်လည်း အလင်းရောင် သည်၎င်းကို အထောက်အကူပြုသည်။ အာလူးရှိ Glycoalkaloidပမာဏကို မြင့်တက်စေသော အခြားအချက်များမှာ
  - စိုက်ပျိုးရိတ်သိမ်းစဉ် (သို့) စိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် အနာတရဖြစ်ခြင်း( အမာရွတ်ထင်ခြင်း၊ ပြတ်ရှအနာအဆာများ)
  - အထူးသဖြင့် ရေဓာတ်ထုတ်ရခြင်း (ဥပမာ အာလူးပြားပြုလုပ်ခြင်း) ပါသော အဆင့်ဆင့်ဆောင်ရွက်စီမံရသောလုပ်ငန်းစဉ်များသည် Glycoalkaloidအားကိုပိုမိုပြင်းလာစေသည်။
  - အလွန်ပူသော (သို့) အေးသောအနေအထားများတွင်သိုလှောင်ခြင်း (သို့) အလင်းရောင်နှင့်လွန်ကဲစွာထိတွေ့ခြင်း
- **အများအားဖြင့် စားနေကျအာလူးများတွင် Solanine အနည်းငယ်ပါဝင်သည်။** Glycoalkaloid အမြင့်ဆုံးပမာဏကို အာလူး၏ လူအများစားနေကျအပိုင်းမဟုတ်သော အစို့အညှောက်များ၊ အပွင့်များ၊ အရွက်များ သို့ ဥမြစ်၏ အခြားကြီးထွားနေသောဇရိယာများတွင် အများအားဖြင့် တွေ့ရသည်။ အာလူးအနုများတွင် Glycoalkaloidပြင်းအားသည် ပိုမိုမြင့်ပြီး အာလူးဥမြစ်ကြီးထွားလာပြီးရင့်လာသည် နှင့်အမျှ အားပျော့လာသည်။ အာလူးပျိုးပင်ဖောက်ခြင်းအစီအစဉ်များသည်လည်း နောက်ဆုံးတွင် Solanine ပါဝင်မှုနည်းသောအာလူးမျိုးများကိုသာ စီးပွားဖြစ်ထုတ်လုပ်နေကြသည်ကိုသိရှိရန်လိုသည်။
- **လက်ခံနိုင်သော အကန့်အသတ်** - ၁၀၀ဂရမ်ရှိသော လတ်ဆတ်သောအာလူးတွင် လက်ခံနိုင်သော Glycoalkaloid အမြင့်ဆုံးပါဝင်မှုမှာ ၂၀မှ ၂၅ မီလီဂရမ် ( သို့မဟုတ် ၂၀၀-၂၅၀ppm )သာရှိရမည်ဟု FDA ကယူဆသည်။ လူတစ်ဦးသည် အာလူးတစ်ပွဲတွင် ပါဝင်သည်ထက် သိသိသာသာပိုမို စားသုံးမှသာ အဆိပ်သင့်နိုင်သည်။ ဥပမာအားဖြင့် ကိုယ်ခန္ဓာတွင် အဆိပ်သင့်နိုင်သော Glycoalkaloid ပျမ်းမျှသည် ၁ကီလိုဂရမ်အလေးချိန်လျှင် ၃မှ၅မီလီဂရမ်ဖြစ်သည်(၁ကီလိုဂရမ်အလေးချိန်လျှင် ၁မှ၅မီလီဂရမ် အတိုင်းအတာအတွင်း)။ အာလူးတစ်လုံးသည် Glycoalkaloid ၂၀၀ppm ပါဝင်သည်ဟုယူဆလျှင် ၈၀ကီလိုဂရမ် ( ၁၇၆ပေါင်) ရှိသောလူတစ်ဦးသည် Glycoalkaloidပါဝင်သော အစိတ်အပိုင်း တစ်ကီလိုဂရမ်စားသုံးမှသာလျှင် အဆိပ်အတောက်ဖြစ်နိုင်သည်။ Glycoalkaloidပါဝင်မှုမြင့်သော အာလူးများသည် ခါးသက်သောအရသာရှိပြီး စားသုံးသူများကို အဆင်မပြေဖြစ်စေနိုင်သည်။
- **Glycoalkaloid ဖြစ်ပေါ်လာမှုကို နည်းနိုင်သမျှနည်းစေရန်လျှော့ချခြင်း** - အာလူးများတွင်Glycoalkaloid ဖြစ်ပေါ်လာမှုကို လျှော့ချရန်နည်းလမ်းများကို ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းပြီးချိန်များတွင် အသုံးချနိုင်သည်။
  - ရိတ်သိမ်းချိန်တွင်
    - ကြီးထွားနေချိန်တွင် အာလူးဥမြစ်ကို မြေကြီးများဖြင့်သေချာစွာဖုံးထားပါ

  - မရိတ်သိမ်းခင်တွင် အာလူးဥမြစ်ကို ရင့်အောင်ထားပါ။ ပူနွေးပြီးနေပူသောနေ့များတွင် ရိတ်သိမ်းခြင်းကိုရှောင်ကြဉ်ပါ။
  - ကိုင်တွယ်ရာတွင် အမာရွတ်ထင်ခြင်း သို့ ရုပ်ပိုင်းဆိုင်ရာအနာတရဖြစ်စေနိုင်သည့် နည်းလမ်းများကိုရှောင်ကြဉ်ပါ။
- ရိတ်သိမ်းပြီးချိန်တွင်
  - အေးပြီး မှောင်သောနေရာတွင်သိုလှောင်ပါ
  - အာလူးအခွံတွင် စိမ်းနေသောအပိုင်းကို လှီးဖြတ်ပစ်ပြီး ကျန်သောအပိုင်းများကို စားသုံးနိုင်သည်။

## ကိုးကားချက်များ


၁။ Woolfe JA. The Potato in the Human Diet. Cambridge University Press, Great Brittan. 1987. pp 162-181.

၂. University of Nebraska Institute of Agriculture and Natural Resources. Greening potatoes: The problem; the solution. Cropwhtch. https://cropwatch.unl.edu/potato/greening. Accessed October 10, 2017.

၃. Friedman M. Potato glycoalkoloids and metabolites: roles in the plant and in the diet. J Agric Food Chem. 2006; 54:8655-8681.

၄. Dolan LC, Matulka RA, Burdock GA. Naturally occurring food toxins. Toxins. 2010; 2:2289 2332.